# မြို့တွင်းစစ်ဆင်ရေး

# နည်းဗျူဟာများ



ဒီစာအုပ်ငယ်သည် စစ်အာဏာရှင်

အမြစ်ပြုတ်ရေးအတွက်

တိုက်ပွဲဝင်နေကြသော ပြည်သူ့

တပ်သားများအတွက်

ရည်ရွယ်သည်။

**နိဒါန်း**

မြို့တွင်းစစ်ဆင်ရေးသည်၊
စိတ်ဓါတ်စစ်ဆင်ရေး၊သမရိုးကျ
စစ်ဆင်ရေးတို့နှင့် ပေါင်းစပ်လျှင်

ပိုမိုထိရောက်သောလုပ်ငန်းစဉ်တရပ်

ဖြစ်လာပေမည်။

မြို့ပြပျောက်ကျားတပ်သားဆို

သည်မှာ-စစ်အာဏာရှင်ကို
သင့်တော်သည့်လက်နက်ကို
အသုံးပြုပြီး၊
သမာရိုးကျနည်းနှင့်မဟုတ်သောတိုက်
ခိုက်မှုကိုရွေးချယ်တိုက်သူ

ဖြစ်သည်။

မြို့ပြပျောက်ကျားတပ်သားသည်

တိုက်ခိုက်မှုသည်
နိုင်ငံရေးဦးတည်ချက်နှင့်ညီစေရမည်။



ပြုစုတင်ပြသူ- သူရိယ

စစ်အုပ်စုရဲ့ ပစ်မှတ်များ၊
စီးပွားရေးအချက်ချာများ၊
ဆက်စပ်နေသူများရဲ့ ပစ်မှတ်များကို
ရွေးချယ်တတ်ဘို့လိုအပ်ပေသည်။

## ရည်ရွယ်ချက်

မြို့ပြပျောက်ကျားတပ်သည် ရန်သူကို
ကွဲပြားသွားအောင်၊ အစိတ်ပိုင်းတွေ
ပဲ့စင်သွားအောင်၊ အချက်ချာနေရာများ
တည်ဆောက်မှု ပျက်ပြားသွားအောင်
ဦးတည်ချက်ထားရပေမည်။

## <u>အရည်အသွေး</u>

Courage: သတ္တိ

Decisive nature : ဆုံးဖြတ်ချက်ချနိုင်မှု

Tactical : နည်းဗျူဟာကြွယ်ဝသူ

မြို့ပြပျောက်ကျားသည်၊
ရန်သူ့ထက်လက်နက်အင်အား
နည်းသော်လည်း ၊ အရည်အသွေးနှင့်
စိတ်ဓါတ်အင်အားမြင့်မားသည်၊
ဒါသည် တိုက်ပွဲရဲ့
အောင်ပွဲနည်းနာဖြစ်ပေသည်။

မြို့ပြပျောက်ကျားတပ်သားသည်
ရန်သူ့လက်နက်များကို
ရယူနိုင်သည့်အခါ၊ ၎င်းတို့ကို
ပြန်လည်အသုံးချနိုင်စွမ်းရှိရမည်။
တပ်သားသည် တိုက်ပွဲကို
စတင်နိုင်သည့် နည်းလမ်းကို
တီထွင်လုပ်ဆောင်ရမည်။ Initaitive
actions ကို ရွေးချယ်ရမည်။
လှုပ်ရှားမှုရှိရမည်။
ပြောင်းလွဲပြုလွယ်သော
နည်းဗျူဟာချမှတ်ထားရမည်။

" Without initiative, there is

**no urban guerrilla warfare."**

တပ်သားသည် ရုပ်ပိုင်းဆိုင်ရာ
သန်မာသူလည်းဖြစ်ရမည်။
အစားအသောက်
အနေဒါဏ်ခံနိုင်သူလည်းဖြစ်ရမည်။
တချို့အခြေအနေများတွင် ပစ်မှတ်ကို
အချိန်ပေး စောင့်ဆိုင်းရသည့်အတွက်
ထိုအရည်အချင်းများအပြင်
သည်းခံနိုင်စွမ်းလည်း ရှိရမည်။
စိတ်ခံစားမှုဖြင့်
လုပ်ဆောင်တတ်သည့်အကျင့်ကို
မသုံးရပေ။

## ဘယ်လိုနေထိုင်မလည်း

တပ်သားသည်
သာမန်လူများကဲ့သို့နေထိုင်ရမည်။
မိမိနေနေသည့်နေရာ
ဝန်းကျင်လူများထက်
ပိုမိုထူးခြားမှုမရှိစေရ။
ဝတ်စားနေထိုင်မှု သွားလာမှုသည်
မိမိနေထိုင်သည့် ဝန်းကျင်နှင့်
သဟဇာတဖြစ်နေစေရမည်။

အလုပ်အကိုင်လုပ်ဆောင်နေသူသည်
လည်း တပ်သားဖြစ်လို့ရပေသည်။
မိမိရဲ့လုပ်ဆောင်ချက်များကို
သိုဝှက်ထားရမည်။

သတင်းလုံခြုံမှုသည် တပ်သား၏
အသက်သွေးကြောဖြစ်သည်။

ပါတ်ဝန်းကျင်အခြေအနေကို
အမြဲလေ့လာနေသူဖြစ်ရမည်။
ရန်သူ့လှုပ်ရှားမှုကို စဉ်ဆက်မပြတ်
ရရှိ၊ သုံးသပ်တတ်နေစေရမည်။

## နည်းပညာဆိုင်ရာပြင်ဆင်မှု

တပ်သားသည် နည်းပညာကို
နှံစပ်အောင်လေ့လာထားရမည်။

မိမိလက်နက်ကို ကျွမ်းကျင်သလို၊
ရန်သူလက်နက်အသုံးပြုမှုကိုလည်း
လေ့လာထားနိုင်ရမည်။
အခြားလိုအပ်သည့်
နည်းပညာများကိုလည်း
ပြင်ဆင်ထားရမည်။ ဥပမာ-
ယာဉ်မောင်းနှင်ခြင်း၊တောင်တက်ခြင်း၊
ရေကူးတတ်ခြင်း- ဓါတုဗေဒနည်းများ၊
ဒေသမြေပြင်လေ့လာမှုများ....။
အဘယ်ကြောင့်ဆိုသော် အခြေအနေ
ဖန်တီးမှုသည် တခါတရံ
ပြောင်းလဲတတ်သည့်အတွင်
ပြင်ဆင်မှုလုံလောက်စွာရှိဘို့လိုအပ်ပေ
သည်။

## စုဖွဲ့မှု

မြို့ပြပျောက်ကျား
အစုအဖွဲ့အသေးအနေဖြင့်စုဖွဲ့ရမည်။
၄ဦး (သို့)၅ဦးထက်မပိုစေရ။

ပစ်ခတ်မှုအုပ်စု ၂ စု ထပ်ခွဲရမည်။
ပစ်ခတ်မှု ပိုသေချာသူကို
ပစ်ခတ်တပ်သား- ၁ ပေးထားရမည်။

ပေးထားသည့် ပစ်မှတ်ကို
အဓိကထားအကောင်ထည်ဖော်လုပ်
ဆောင်ရမည်။

လုပ်ဆောင်မှုပစ်မှတ်များသည် စသည်ဖြင့်ဖြစ်နိုင်သည်-

-စီးပွားရေးအချက်ချာများ

-စစ်အုပ်စုနဲ့ပါတ်သတ်သူများကို

လုပ်ကြံမှု

-ပြန်ပေးဆွဲမှု (ထိန်းသိမ်းပြီး နိုင်ငံရေး

အကျိုးမြတ် ရယူခြင်း)

**ထောက်ပို့စနစ်**

သမာရိုးကျ ထောက်ပို့စနစ်သည်

(FFEA)

F- Food- အစားအသောက်

F- Fuel- ယာဉ်ဆီ

E- Equipment- လက်နက်အသုံးအဆောင်

Ammunition- လက်နက်ခဲယမ်း

မြို့ပြပျောက်ကျားလိုအပ်ချက်သည် သမာရိုးကျလိုအပ်ချက်နှင့်ကွာခြားပေသည်။ တပ်သားများသည် ခွဲဝေထားသည့်၊ အထိုင်စနစ်ကို မသုံးသည့်အတွက် သူတို့လိုအပ်ချက်မှာ -

MMWAE

M- Mechanization- သွားလာမှုယာဉ် ယန္တရား

M- Money- ငွေ

W- Weapons- လက်နက်

A- Ammunitions- ခဲယမ်း

E- Explosives- ဖောက်ခွဲရေး

မြို့ပြပျောက်ကျားသည် မိမိတပ်ဖွဲ့များ ဆေးဝါးကုသနိုင်ရန် လုံခြုံသည့် ကုသမှုနေရာများ ရွေးချယ်ထားရမည်။

## နည်းဗျူဟာ

နည်းဗျူဟာသည်ထိုးစစ်ဖြစ်ရ

မည်။ ရန်သူထက်
လက်နက်အင်အား၊
ရုပ်ပိုင်းဆိုင်ရာအားနည်းမှုကြောင့်
ခံစစ်ကို မရွေးချယ်စေရ။

မည်သည့်အခါမှ
တနေရာကိုထိုင်ပြီး ခုခံမှု မပြုရ။

အမြန်တိုက်၊
အမြန်ဖျောက်ရမည်။

တိုက်ကွက်သည်
ရန်သူအင်အားချိနဲ့ပြိုကွဲ၊ကွဲထွက်
သွားရန် ရည်ရွယ်ရမည်။
မမျှော်လင့်ထားသည့်အချိန်၊နေရာ
၊တိုက်ကွင်းကိုရွေးချယ်ရမည်။

မြေအနေထားပိုင်နိုင်ရမည်။
ရန်သူ့အင်အားကိုကြိုသိထားရ

မည်။

(Surprise, mobility & Speed)

ရုတ်တရက်(Surprise)
တိုက်ခိုက်မှုသည်၊
အချိန်နှင့်မိမိအင်အားကို
ထိန်းသိမ်းနိုင်ပြီး၊ ရန်သူမှ
တုန့်ပြန်ရန် အဆင်သင့်မဖြစ်မှုကို
လက်ဦးမှု ယူခြင်းဖြစ်သည်။
တိုက်ပွဲကြာမြင့်ချိန်ကို
ကြိုတင်တွက်ဆပြီး၊
စီမံချက်အတိုင်းဆောင်ရွက်ရ

မည်။ မလိုအပ်ဘဲ အချိန်ကို
ဆက်လက်ဆန့်ထားခြင်းကို
ရှောင်ရှားရမည်။
အချိန်ဆန့်ခြင်းသည်
တဘက်ရန်သူကို ပြင်ဆင်ခွင့်၊
စစ်ကူလာစေရန်ဖန်တီးပေးခြင်း
လည်းဖြစ်သည်။

မြို့ပြပျောက်ကျားသည်
မိမိမြို့နယ်တွင်
နေထိုင်သူဖြစ်မှသာ
ဒေသအခြေအနေကို

သေချာစွာနားလည်ပေလိမ့်မည်။ ဒေသအလိုက်ကျွမ်းကျင်သူများကို ဖွဲ့စည်းထားပေးမှုကို အဓိကထားလုပ်ဆောင်ရပေမည်။

အမြန်လှုပ်ရှားမှုနှင့်ပြောင်းလဲမှု

(Mobility & Speed)

ထိုသို့လုပ်ဆောင်ရန် စီမံချက်ကို အချိန်နဲ့ကိုက် လေ့ကျင့်ထားရမည်။ နယ်မြေကျွမ်းကျင်ရမည်။ ပေါ်ပေါက်လာနိုင်သည့် အခြားအခြေအနေအပေါ် ပြောင်းလွဲပြင်လွယ် အရံနည်းဗျူဟာ ကြိုရှိထားရမည်။ ရန်သူထောက်ပံ့မှု ဝေးနိုင်သည့်နေရာများကို ရွေးချယ်ခြင်းသည် ရန်သူစစ်ကူအားမဲ့မှုကိုလက်ဦးမှု ယူနိုင်သည်။ ရန်သူ့ဆက်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်နိုင်ပါက ပိုမိုအခွင့်သာစေမည်။ (ဥပမာ-ရန်သူ့ဆက်သွယ်ရေးစက်လမ်းကြောင်းကို နှောင့်ယှက်ထားခြင်း၊ ကူးသန်းမှုကို တားဆီးပိတ်ဆို့ထားခြင်း..စသည်)

**သတင်းရယူမှု**

မိမိ သတင်း လုံခြုံမှု သေချာအောင် လုပ်ပါ။ အတွင်းဆက်သွယ်မှုစကားဝှက် ဆိုက်ဖာထားရမည်။ ဆက်သွယ်မှုလမ်းကြောင်း အဆင့်လိုက်ခံရမည်။ ဆိုက်ဖာကို ရန်သူ သတိမမူရအောင် အသုံးပြုရမည်။

ဥပမာ..
ရန်သူအင်အားများနေတယ်
ဆိုက်ဖာကို....
ကြီးတော် အလုပ်များနေတယ်
(ဒီနေရာမှာ..**ကြီးတော်** သည်
**ရန်သူ** ၊ အင်အားသည် **အလုပ်**)
ရန်သူက
သာမန်စကားပြောလို့သာ
သတ်မှတ်ပေလိမ့်မည်။
ရန်သူ သတိထားမိစေမဲ့
စကားဝှက်များကို
မသုံးမိဘို့လိုပါသည်။

ရန်သူ့ မြေပြင် သတင်းစုပါ-
ရသည့် သတင်းစီစစ်ပါ။
သတင်းကို ရလာသည့်နေရာများမှ
ယူပြီး၊ စနစ်တကျ စီစစ်ရမည်။

IT နည်းပညာနှင့် တချို့ ရန်သူ့
အထက်ယန္တယားသတင်းကိုရယူ
ပါ။ သတင်းကို နှိုင်းယှဉ်
သုံးသပ်ရမည်။

**ဦးတည်ချက်ချမှတ်ခြင်း**

- စစ်အုပ်စုနေရာများကို တိုက်ခိုက်ခြိမ်းချောက်ခြင်း
- စစ်အုပ်စုစနစ်ကို အားလျော့သွားစေရန်၊ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ရန် နေရာများစွာကို အစုဖွဲ့ငယ်များဖြင့် ချိန်ကိုက်တိုက်ခိုက်ခြင်း
- သမာရိုးကျစစ်ပွဲဖြစ်ပွားသည့်အချိန်များတွက် ချိန်ကိုက်ပြီး မြို့ပြလှုပ်ရှားမှု ဆောင်ရွက်ရန်၊သို့မှသာ ရန်သူတပ်ဖြန့်မှု ကစင့်ကလျားဖြစ်မည်။
- နေ့ပိုင်းနှင့် ညပိုင်းတိုက်ခိုက်မှုများကို ပစ်မှတ်ပေါ်မူတည်လုပ်ဆောင်ရန်။ ညပိုင်းတွင် စစ်အုပ်စု၏ စီးပွားရေး ပစ်မှတ်များကို ပိုမိုဖော်ဆောင်နိုင်သည်။

ထိုနေရာများသည် လုံခြုံမှုသဘောအရ တင်းကျပ်မှုမရှိသလို ညအချိန် အခွင့်လမ်းပိုမိုရယူနိုင်သည်

- ရန်သူထောက်ပို့ အခြေပြုများ( စစ်ယာဉ်တန်းများ၊ စစ်လေယာဉ်အခြေချများ၊ လောင်စာ သိုလှောင်မှုများ)
- စစ်အုပ်စု ထိပ်သီးများနဲ့ ဆက်စပ်သူများ နေထိုင်ရာ နေရာများ၊ ရင်းနှီးမြုပ်နှံရာနေရာများ
- ရန်သူယာဉ်တန်း၊ ချီတက်မှုများကို အလစ်တိုက်ခိုက်ခြင်းများ
- Sniper ဖြင့် ထိရောက်သောပစ်မှတ်ကို ရွေးချယ်ချေမှုန်းခြင်း
- ရန်သူ့ဒေါက်တိုင်များကို ဖြိုဖျက်ခြင်း
- ပြန်ပေးဆွဲခြင်းဖြင့် နိုင်ငံရေး ဦးတည်ချက်ကို တောင်းဆိုခြင်း
- ရန်သူ့အား မမှန်သတင်းပေးပို့မှုများ
- ရန်သူ့ရဲ့မိတ်ဆွေအား ရန်သူ့ရဲ့ ရန်သူဖြစ်အောင်လုပ်ငန်းစဉ် ရှာဖွေ လုပ်ဆောင်ခြင်းများ

**သတင်းလုံခြုံမှု**

တပ်သားသည် မိမိတည်ရှိသည့်နေရာ၊ လုပ်ဆောင်မှုကို အထူးသိုဝှက်ထားနိုင်ရမည်။ သတင်းပေးများကို အထူးသတိထားရမည်။ ရန်သူသည် သူရဲ့ထောက်လှမ်းရေးကွန်ယက်ကို၊ အရပ်ဝတ်ထောက်လှမ်းရေးများအားအလွှာအသီးသီးတွင် ထည့်ထားပြီး၊ သတင်းပေးနောက်လိုက်များလည်းထားရှိပေလိမ့်

မည်။
မိမိအတွင်းစည်းအားမည်သည့်
ရန်သူ့ထောက်လှန်းရေး၊
သတင်းပေးများ မရောက်ရှိစေရန်
စတင်ဖွဲ့စည်းမှု၊
လုပ်ငန်းလုပ်ဆောင်မှုတိုင်းတွင်
လုံခြုံရေး သတိ အမြဲရှိနေရမည်။
ဆက်သွယ်မှုနံပါတ်များအား
စာအုပ်၊ စာရွက်များတွင် ရေးထား
ခြင်းကို ရှောင်ရှားရမည်။
ရန်သူရဲ့အနီးနားမြေပြင်သတင်းကို
အမြဲလေ့လာနေရမည်။
မနေ့ကနှင့် ယနေ့တူသည်လို့
ခန့်မှန်းချက်ဖြင့်မှတ်ယူမထားရ။
တပ်သားသည်
အမှားဖြစ်နိုင်ပါသည်။ သို့သော်
အမှားကို အနည်းဆုံးဖြစ်အောင်
ကာကွယ်လုပ်ဆောင်ထားရှိစေ
ရမည်။ မှားတတ်သည့် အမှား
(၇)ခုမှာ-
၁- အတွေ့အကြုံမရှိခြင်း-
ရန်သူကို လျှော့တွက်ခြင်း
၂-
မိမိလုပ်ရပ်ကိုထုတ်ဖော်တတ်ခြင်း
၃-လုပ်ရပ်အပေါ်
မာန်တတ်တတ်ခြင်း
(ယုံကြည်မှုလွန်ကဲခြင်း)
၄- မိမိအားသာချက်ကို
ပိုမိုကြွားဝါလုပ်ဆောင်ခြင်း
၅- မလိုအပ်ဘဲ
အလျှင်လိုလုပ်ဆောင်ခြင်း
၆-ဒေါသအလိုက်တုံ့ပြန်တတ်ခြင်း
၇-
ကြိုတင်ပြင်ဆင်မှုလျော့နည်းခြင်း
ချက်ချင်းလုပ်ဆောင်ရမည်ကို
နှောင့်နှေးခြင်း။

**မြို့ပြနှင့်ကျေးလက်**
မြို့ပြလှုပ်ရှားမှုသည်
သမရိုးကျစစ်ပွဲကို ထောက်ပို့ပြီး၊
ဟန်ချက်ကို ထိန်းပေးနိုင်ရမည်။
မြို့ပြသည် သမရိုးကျ
စစ်ပွဲများကို အားပြုပေးခြင်းဖြင့်
မဟာဗျူဟာအောင်ပွဲကို
အခြေပြုလုပ်ဆောင်ပေးခြင်း

လည်းဖြစ်သည်။
မြို့ပြပျောက်ကျားသည်
ကျေးလက်တိုက်ပွဲများကို
အင်အားချိန်ညှိရန်၊
အားကောင်းစေရန်
နည်းဗျူဟာအရ လှုပ်ရှားမှု၊
အလစ်တိုက်ခိုက်မှု၊
ထောက်ပို့ဖြတ်တောက်မှု၊
ရန်သူ့စိတ်ဓါတ်ပျက်ပြားမှု၊
ရန်သူ့ကြောက်စိတ်ဖိစီးမှုတို့နှင့်
အဆုံးသတ်အောင်ပွဲကို
ရောက်ရှိနိုင်ပေသည်။
စီမံချက် ပြင်ဆင်ရေးသည်
ပထမအဆင့်အရေးကြီးပေသည်။
နယ်မြေ၊ရန်သူ၊လုပ်နိုင်သည့်
ပစ်မှတ်၊လုပ်ဆောင်ရန်လိုအပ်မှု
များ၊တာဝန်ခွဲဝေမှု၊
အသုံးပြုမည့်နည်းဗျူဟာ၊အရံပြင်
ဆင်ထားချက်၊အချိန်တွက်ညှိခြင်း၊
ဆုတ်လမ်းကိုတွက်ဆခြင်း
(အနည်းဆုံး-၂ကြောင်း)၊
ဆက်သွယ်မှုစနစ်၊စုရပ်-
အချက်လက်အားလုံးကို
တပ်သားအားလုံးသေချာကြေ
ညက်နေရမည်။
အစုအဖွဲ့တခုတိုင်းအတွက်
စီမံချက်တခုတိုင်းသည်
အလွန်အရေးကြီးသည်ကို
တပ်သားတိုင်းခံယူထားရမည်။
လူထုကို ထိခိုက်စေမည့်
ပစ်မှတ်ကို ရွေးချယ်ခြင်းမှ
ရှောင်ကြည်ရမည်။ လူထုမှ
မိမိတို့ပစ်မှတ်သည်
စစ်အုပ်စုကိုသာ ဦးတည်သည်ကို
လုပ်ငန်းစဉ်အရ
ဖော်ပြနိုင်အောင်လုပ်ဆောင်ရမည်

## လက်တွေ့ကျသော နည်းဗျူဟာများ

- မြို့အလိုက် ရန်သူစစ်အုပ်စုအကြီးပိုင်း များ- ဆက်စပ်နေသောသူများ-

စီးပွားရေး ပိုင်ဆိုင်မှုများ သတင်းစုဆောင်းခြင်း

- မြို့အလိုက် ရန်သူ့ထောက်လှန်းရေး၊ သတင်းပေးများ စုံစမ်းပြုစုခြင်း
- ရန်သူ ထောက်ပို့လမ်းကြောင်းများ ပြုစုခြင်း
- ရန်သူကို ထောက်ကန်ပေးထားသော အခြားစီးပွားရေးလုပ်ငန်း များ ပြုစုခြင်း။
- အစုအဖွဲ့ငယ်များ မြို့အလိုက် စုဖွဲ့ခြင်း
- လုံခြုံမှုရှိသည့် ဆက်သွယ်မှုစနစ် အသုံးပြုခြင်း
- သတင်းဆက်စပ်မှုကို အပိုင်းအလိုက် ဖြတ်တောက်ခြင်း (ဥပမာ- ကွန်ယက်ကို ဒေါင်လိုက်လုပ်ဆောင်ရမည်)။ မိမိအထက်နှင့်အောက်တဦးကိုသာ သိရှိရမည်။ ကွင်းဆက်တခုလုံးကို အလျားလိုက်မဆက်ရ။
- ရန်သူထံ သတင်းမှားများပေးပို့ခြင်း
- ရန်သူကြောက်စိတ်ဖြစ်ရန် အခြေအနေဖန်တီးပေးခြင်း
- ထိပ်ပိုင်း စစ်အုပ်စုလူများကိုအမှည့်ချွေရန် သီးသန့်တာဝန်ပေးလေ့လာခြင်း၊ Sniper နှင့် ဖောက်ခွဲရေးကို လိုအပ်သလိုအသုံးပြုခြင်း၊
- လက်နက်လေ့ကျင့်မှုများ စိတ်ချရသည့်နေရာများတွင် လေ့ကျင့်ထားခြင်း
- အသေးစား လက်နက်ငယ်များထုတ်လုပ်နိုင်ရန်ပြင်ဆင်ထားခြင်း

(တလုံထိုး
လက်လုပ်သေနတ်များ)

- ကျေးလက်တပ်ဖွဲ့များနှင့် ဆက်စပ်ထားခြင်း
- ချိန်ကိုက်လုပ်ဆောင်နိုင်မှု ကိုအားပြုခြင်း
- စီမံချက်အသေးမှ စတင်လုပ်ဆောင်ခြင်း (မိမိတပ်ဖွဲ့ ယုံကြည်မှုတည်ဆောက်မှု ဖြစ်သလို၊ လေ့ကျင့်မှုလည်းဖြစ်သည်)

**အခြေခံသဘောတရားအပေါ်**

**လိုအပ်သလို ဉာဏ်သုံးပြီး**

**ပြည်သူ မြို့ပြပျောက်ကျားများမှ**

**ရန်သူကိုချေမှုန်းနိုင်ပါစေ။**

**အဓိက လိုက်နာရမည့်**

**ကျင့်ဝတ်များ သေချာမှုရှိပါစေ။**

ယခုစာအုပ်ငယ်ကိုပြုစုတင်ပြ

ခြင်းသည်

အမိမြန်မာနိုင်ငံ

စစ်အာဏာရှင်အောက်မှ

လွတ်မြောက်ရေးအတွက်

အရည်အသွေးပြည့်ဝသော

မြို့ပြပျောက်ကျားတပ်များပေါ်

ထွက်ရေးနှင့် တိုင်းရင်းသားများ

လွတ်လပ်ခွင့်၊ဒီမိုကရေစီနိုင်ငံ

တော်အတွက် ဦးတည်ပါသည်။

အရေးတော်ပုံ

အောင်ကိုအောင်ရမည်။

(မှီငြမ်း Mini-manual of the

Urban Guerrilla (Carlos

Marighella)